## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၊ ၂၅ /၂၀၂၄
## ၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
## (၂၀၂၄ ခုနှစ်၊ မတ်လ ၁၈ ရက်)
## အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ Completely Built Up- CBU စနစ်၊ Completely Knocked Down- CKD စနစ်နှင့် Semi-Knocked Down-SKD စနစ်တို့ဖြင့် တင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် ဘက်ထရီ လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle - BEV) အမျိုးအစားများ၊ ဆက်စပ်ပစ္စည်းများ နှင့်အပိုပစ္စည်းများ အတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်-

(က) လမ်းပေါ်တွင် မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကို ဆွဲသည့်ယာဉ်များ (Road tractors for Semi-trailers)၊

(ခ) ယာဉ်မောင်း အပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင်မော်တော်ယာဉ်များ
(Buses) (Motor Vehicles for the transport of ten or more persons, including the driver)၊

(ဂ) ကုန်တင်ယာဉ်များ (Trucks)၊

(ဃ) လူစီးယာဉ်များ (Motor Vehicles for the transport of persons)၊

(င) သုံးဘီးတပ်ယာဉ်များ(လူစီး) (Three-wheeled vehicles for the transport of persons)၊

(စ) သုံးဘီးတပ်ယာဉ်များ(ကုန်တင်) (Three-wheeled vehicles for the transport of goods)၊

(ဆ) လူစီး နှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ်များ (Electric Motorcycles)၊

(ဇ) လူစီး နှစ်ဘီးတပ် လျှပ်စစ်စက်ဘီးများ ( Electric Bicycles)၊

(ဈ) လူနာတင်ယာဉ်များ (Ambulances)၊

(ည) ထောင်ကားများ (Prison Vans)၊

(ဋ) နိဗ္ဗာန်ယာဉ်များ (Hearses)၊

(ဌ) အပိုဒ်ခွဲ (က)မှ (ဋ)ထိပါ ဘက်ထရီလျှပ်စစ်သုံးယာဉ်များနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်ပါရှိသည့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ- အားသွင်းရုံဆိုင်ရာပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ)နှင့် စက်မှုဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများ (Spare Parts) ။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်ထိ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၂၆၇ (EV) (၁၄၂၀/၂၀၂၄)
ရက် စွဲ ၊ ၂၀၂၄ ခုနှစ် ၊ မတ်လ ၁၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနနှင့် အဖွဲ့အစည်းများအားလုံး

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ် | } | မြန်မာနိုင်ငံပြန်တမ်းတွင် |
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | | ထည့်သွင်းကြေညာပေးပါရန် |




အမိန့်အရ

(မောင်မောင်ဝင်း)



ဒုတိယဝန်ကြီး

ပူးတွဲစာရင်း




# Spare Parts for Battery Electric Vehicle

| Sl.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 1 | Traction Battery Pack |  | |
| 2 | Electric Traction Motor |  | |
| 3 | Battery Management System (BMS) |  | |
| 4 | Drive Control Unit (DCU) |  | |
| 5 | DC-DC Converter |  | |
| 6 | Electrical Circuit Breaker For EV or Disconnect Parts |  | |


# Spare Parts for Battery Electric Vehicle

| | Nomenclature | Figure | Remark |
|---|---|---|---|
| 7 | Charge Port |  | |
| 8 | Portable EV Charger |  | |
| 9 | On-board charger |  | |
| 10 | Power Inverter |  | |
| 11 | EV Connectors |  | |

# Spare Parts for Battery Electric Vehicle

| Sr. No. | Nomenclature | Figure | Remark |
|---|---|---|---|
| 12 | High Voltage Harness |  | |
| 13 | Controller |  | |
| 14 | Battery Cooling System (Thermal) |  | |
| 15 | Charging Cable |  | |

# Spare Parts for Battery Electric Vehicle

| S/No. | Nomenclature | Figure | Remark |
|---|---|---|---|
| 16 | Charging Adapters |   | |

မှတ်ချက်။ - အမျိုးအစားအလိုက်ပုံများကို နမူနာအဖြစ်သာ ထည့်သွင်းထားခြင်းဖြစ်ပါသည်။

- ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့် Manufacturer ၏ Design နှင့် တိုးတက်ပြောင်းလဲလာမည့် နည်းပညာအပေါ် မူတည်၍ နမူနာပြပစ္စည်းပုံများသည် ပြောင်းလဲမှုရှိနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

ရုံးတွင်းညွှန်ကြားလွှာအမှတ်၊ ၁၀ / ၂၀၂၄

အကြောင်းအရာ။ လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်ပမှ Completely Build Up – CBU စနစ်၊ Completely Knocked Down – CKD စနစ်နှင့် Semi Knocked Down – SKD စနစ်တို့ဖြင့် တင်သွင်းသည့် ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစားများနှင့် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ တင်သွင်းခြင်းအပေါ် ၁-၄-၂၀၂၄ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်သည့် အမိန့်ကြော်ငြာစာအား ကျင့်သုံးဆောင်ရွက်နိုင်ရန်ကိစ္စ

ရည် ညွှန်း ချက်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၈-၃-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅/ ၂၀၂၄

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ Completely Build Up – CBU စနစ်၊ Completely Knocked Down – CKD စနစ်နှင့် Semi Knocked Down – SKD စနစ်တို့ဖြင့် တင်သွင်းသည့် ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစားများနှင့် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ တင်သွင်းခြင်းအပေါ် ၁-၄-၂၀၂၄ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်သည့် အမိန့်ကြော်ငြာစာအား ကျင့်သုံးဆောင်ရွက်သွားရန် ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာအား ၁-၄-၂၀၂၄ ရက်နေ့မှစ၍ စတင်ကျင့်သုံးဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်။

၂၈/၃/၂၀၂၄

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(မောင်မောင်လွင်-၂၊ ညွှန်ကြားရေးမှူး(စီမံ))

စာအမှတ်၊ ၃၃ - ၀၀/ ၂၀၂၄ ( ၇၈၇ )

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်

ဖြန့်ဝေခြင်း

ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့် စီမံရေးရာ)

ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး)

ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)

ညွှန်ကြားရေးမှူးများအားလုံး

ဒုတိယညွှန်ကြားရေးမှူးများအားလုံး

ဌာနခွဲများအားလုံး

တိုင်းနှင့် ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး

နေပြည်တော်ကောင်စီနယ်မြေအကောက်ခွန်ဦးစီးဌာနမှူးရုံး

OSS စစ်ဆေးရေးစခန်းများအားလုံး

အမြဲတမ်းစစ်ဆေးရေးစခန်းများအားလုံး

အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး

နယ်ခြားစောင့်ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက် ပူးပေါင်းအဖွဲ့

မိတ္တူကို

စီမံရေးရာဌာနစိတ် (အပို ၂ စောင်)

ရုံးလက်ခံ

မျှောစာတွဲ